Burmese | မြန်မာ

# Child family and relationship | ကလေး မိသားစု နှင့် ဆက်ဆံရေး

For families in Victoria, there is a broad range of services to support and assist them, from parent education, to maternal and child healthcare, childcare, crisis support, child protection, family violence and relationship services.

ဗစ်တိုးရီးယားပြည်နယ်မှာရှိတဲ့ မိသားစုတွေ အတွက် အမျိုးမျိုးကျယ်ပြန့်များပြားတဲ့ ဝန်ဆောင်မှုတွေ ရှိပါတယ် သူတို့တတွေကို အထောက်အကူပြုဖို့နှင့် ကူညီပံ့ပိုးပေးဖို့ဖြစ်ပါတယ်၊ မိဘနှင့်ပတ်သက်တဲ့ ပညာရေးကစပြီးတော့ မိခင်သားဖွားနှင့် ကလေး ကျန်းမာရေး၊ ကလေးစောင့်ရှောက်ရေး၊ ပဋိပက္ခခက်ခဲချိန် အထောက်အပံ့၊ ကလေး အကာအကွယ်ပေးရေး၊ မိသားစု အကြမ်းဖက်မှုနှင့် ပေါင်းသင်းဆက်ဆံရေး ဝန်ဆောင်မှုတွေ အဆုံး အထိ ဖြစ်ပါတယ်။

Early parenting services offer support to parents from pregnancy through to a child turns four, helping with common difficulties such as feeding and sleeping problems, as well as more complex challenges.

စောစောပိုင်း ကလေးထိန်းကျောင်းရေး ဝန်ဆောင်မှုဌာနတွေဟာမိဘတွေကို အထောက်အပံ့ပေးတာတွေ လုပ်ပေးပါတယ်၊ ကိုယ်ဝန်ဆောင်ခါစကစပြီးတော့ ကလေး လေးနှစ်ပြည့်တဲ့ အချိန်ထိတိုင်အောင် ထောက်ပံ့ပေးပါတယ်၊ အဖြစ်များတဲ့ အခက်အခဲတွေကို ကူညီပေးတာ ဖြစ်ပါတယ်၊ နို့တိုက်တဲ့အခက်အခဲတွေနှင့်အိပ်စက်ဖို့နှင့်ပတ်သက် တဲ့ အခက်အခဲတွေ၊ ပိုပြီးတော့ ရှုပ်ထွေးတဲ့ အခက်ခဲတွေ အပါအဝင်ဖြစ်တဲ့ အခက်အခဲတွေဘဲ ဖြစ်ပါတယ်။

A range of specialist support, counselling, education, and advice services are provided through early parenting centres across Victoria.

အထူးပြု အထောက်အပံ့ အမျိုးမျိုးဖြစ်တဲ့ ဆွေးနွေးအကြံပေးကုစားခြင်း၊ ပညာပေးခြင်း၊ နှင့် အကြံပေး ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးပါတယ်၊ ဗစ်တိုးရီးယားပြည်နယ် တစ်ဝန်းမှာရှိတဲ့ စောစောပိုင်း ကလေးထိန်းကျောင်းရေး စင်တာတွေကတစ်ဆင့် ဆောင်ရွက်ပေးကြတာပါ။

"We provide support and education to families  who are experiencing some challenges within their lives, so we're working with families with children  naught, or even pre-birth, through to four years of age,  where we know brain development's really important,  and we provide a range of services from day-stay,  residential,

"ကျွန်ုပ်တို့ဟာ မိသားစုတွေကို အထောက်အပံ့နှင့် ပညာရေးကို လုပ်ပေးပါတယ်၊ မိမိတို့ရဲ့ ဘဝတွေမှာ အခက်အခဲ တစ်ချို့ ကြုံတွေ့နေရတဲ့ မိဘတွေကို လုပ်ပေးတာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်ုပ်တို့ဟာ ကလေးတွေ ဆုံးရှုံးသွားတဲ့ မိဘတွေကို လုပ်ပေးတာဖြစ်ပါတယ်၊ ဒါမှမဟုတ် မမွေးမီကစပြီး



The Victorian Health System © Copyright State of Victoria 2017

Burmese | မြန်မာ

home-visiting, to community education programs, to support young children."

အသက် လေးနှစ်အထိတိုင်အောင် လုပ်ပေးပါတယ်၊ အဲ့ဒီအရွယ်မှာ ဦးနှောက်ရဲ့ ဖွံ့ဖြိုးကြီးထွားမှုဟာ အမှန်တကယ် အရေးကြီးတယ်ဆိုတာ ကျွန်ုပ်တို့သိရှိပြီးတော့ ကျွန်ုပ်တို့ဟာ အမျိုးမျိုးဖြစ်တဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးပါတယ်၊ တစ်နေ့တာ နေစရာ၊ တည်းခိုဂေဟာ၊ အိမ်-လာရောက်ပေးမှုတွေကအစ လူမှုအသိုင်းအဝိုင်း ပညာရေး အစီအစဉ်တွေအဆုံး အထိဖြစ်ပါတယ်၊ ငယ်ရွယ်တဲ့ ကလေးတွေကို အထောက်အကူပြုပေးဖို့ အတွက် ဖြစ်ပါတယ်။”

Early parenting services are subsidised, and are designed to assist families needing to build their skills and confidence in caring for their infant or toddler.

စောစောပိုင်း ကလေးထိန်းကျောင်းရေး ဝန်ဆောင်မှုတွေကို ကုန်ကျငွေစိုက်ထုတ်ပေးထားပြီး မိသားစုများရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးပေးဖို့ အတွက် ဒီဇိုင်းပုံဖော်ထားပါတယ်၊ အဲ့ဒီမိသားစုတွေရဲ့ ကျွမ်းကျင်မှုများကို တည်ဆောက်ပေးဖို့အတွက်နှင့် သူတို့ရဲ့ မွေးကင်းစကလေးငယ် ဒါမှမဟုတ် လေးဖက်သွားကလေးငယ်ကို စောင့်ရှောက်ပေးရာမှာ မိမိကိုယ်မိမိ ယုံကြည်စိတ်ကို တည်ဆောက်ပေးဖို့ ဖြစ်ပါတယ်။

"We're dealing with far more complexity with the family, and really looking at attachment and attunement, relationships within the family dynamics, to ensure the best outcomes for the infants and toddlers that we're dealing with."

“ကျွန်ုပ်တို့ဟာ မိသားစုကို ပိုမိုရှုပ်ထွေးတဲ့ကိစ္စနှင့် ရင်ဆိုင်ဖြေရှင်းပေးပြီး အမှန်တကယ်အားဖြင့် သံယောဇဉ်နှင့် သဟဇာတဖြစ်မှုတွေ၊ မိသားစု အတွင်းရှိ ပေါင်းသင်းဆက်ဆံရေးတွေကို ကြည့်ရှုပေးပါတယ်၊ မွေးကင်းစ ကလေးငယ်တွေနှင့် လေးဖက်သွား ကလေးငယ်တွေ အတွက် အကောင်းဆုံး ရလဒ်တွေ ရရှိစေဖို့ ဖြစ်ပါတယ်၊ အဲ့ဒီကိစ္စတွေကို ကျွန်ုပ်တို့ ရင်ဆိုင်ဖြေရှင်းပေးနေရပါတယ်။”

Victoria's maternal and child health services monitor the health and development of your baby or toddler.

ဗစ်တိုးရီးယားပြည်နယ် မိခင်သားဖွားဆိုင်ရာနှင့် ကလေး ကျန်းမာရေး ဝန်ဆောင်မှုတွေဟာ သင့်နို့စို့ကလေးငယ် ဒါမှမဟုတ် လေးဖက်သွား ကလေးရဲ့ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကို စောင့်ကြပ်ကြည့်ရှုပေးပါတယ်။

They provide 10 consultations, can provide referrals to healthcare professionals if needed,

သူတို့ဟာ 10 ကြိမ်ကြည့်ပေးပါတယ်၊လွှဲပို့မှုတွေကို လွှဲပို့ပေးနိုင်ပါတယ်၊ လိုအပ်သလို ကျန်းမာရေး



The Victorian Health System © Copyright State of Victoria 2017

and can link you with other local families and community services.

စောင့်ရှောက်မှု အတတ်ပညာရှင်တွေဆီ လွှဲပို့ပေးတာပါ၊ အဲ့ဒါတွေအပြင် တစ်ခြား ဒေသခံ မိသားစုတွေနှင့် လူမှုအသိုင်းအဝိုင်း ဝန်ဆောင်ဌာနတွေဆီအချိတ်အဆက်လုပ်ပေးနိုင်ပါတယ်။

The Maternal Child Health line is a 24 hour telephone line staffed by qualified nurses, with information, support, and guidance regarding child health, nutrition, breastfeeding, maternal and family health, and parenting.

မိခင်သားဖွားနှင့် ကလေး ကျန်းမာရေး ဖုန်းလိုင်းဟာ 24 နာရီ တယ်လီဖုန်းလိုင်း တစ်ခုဖြစ်ပြီး တတ်ကျွမ်းတဲ့ သူနာပြုတွေကို ခန့်ထားပြီးတော့ သတင်းအချက်အလက်တွေ၊ အထောက်အပံ့၊ ကလေး ကျန်းမာရေး၊ အာဟာရ၊ မိခင်နို့ရည်တိုက်ကျွေးခြင်း၊ မိခင်သားဖွားဆိုင်ရာနှင့် မိသားစု ကျန်းမာရေးတို့နှင့်စပ်လျဉ်းတဲ့ လမ်းညွှန်မှုတွေအပြင် ကလေး ထိန်းကျောင်းရေးတွေကို ဆောင်ရွက်ပေးပါတယ်။

Children and family services are inclusive of all cultures, however, there are also family and parenting services specifically designed for Aboriginal and Torres Strait Islander families.

ကလေးတွေနှင့် မိသားစု ဝန်ဆောင်မှုတွေမှာ ယဉ်ကျေးမှု အားလုံး ပါဝင်ပေါင်းစည်းထားပါတယ်၊ သို့သော်လည်း မိသားစုနှင့် ကလေးထိန်းကျောင်းရေး ဝန်ဆောင်မှုတွေလည်း ရှိပါတယ်၊ အထူးသဖြင့် အဘိုရင်းဂျင်းလူမျိုးနှင့် တောရက်စ် ရေလက်ကြား ကျွန်းသားလူမျိုး မိသားစုတွေ အတွက် ဒီဇိုင်းပုံဖော်ထားပါတယ်။

"It's not just about the antenatal care, it could be around housing, financial counselling, mental health, so a range of issues, and we also provide transport, which is an essential part of the KMS Program.  And you can't get that in mainstream, so that's a major barrier to people attending the services here."

"အဲ့ဒါတွေဟာ မီးမဖွားမီ စောင့်ရှောက်မှုသာ မဟုတ်ပါဘူး၊ အဲ့ဒီမှာ အိမ်ရာချပေးရေး၊ ငွေကြေးဆိုင်ရာ အကြံပေးရေး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတွေလည်း ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် အမျိုးမျိုးဖြစ်တဲ့ ပြဿနာတွေ ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ သယ်ယူပို့ဆောင်ရေးကိုလည်း လုပ်ပေးပါတယ်၊ အဲ့ဒီဟာက KMS အစီအစဉ်ရဲ့ မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်း တရပ်ဖြစ်ပါတယ်။ သင်ဟာ အဲ့ဒါကို သမရိုးကျ ပုံမှန် ဝန်ဆောင်မှုတွေမှာ မရရှိနိုင်ပါဘူး၊ ဒါကြောင့် အဲ့ဒါဟာ ဒီနေရာမှာ ဝန်ဆောင်မှုတွေကို လာရောက်ရယူတဲ့ လူတွေအတွက် အဓိက အတားအဆီးတစ်ခုဖြစ်ပါတယ်။"

Childcare services provide care and support for working families.

ကလေးထိန်း ဝန်ဆောင်မှုတွေဟာ အလုပ်လုပ်တဲ့ မိသားစုတွေကို စောင့်ရှောက်မှုနှင့် အထောက်အပံ့ကို ပေးပါတယ်။



The Victorian Health System © Copyright State of Victoria 2017

Finding the right childcare arrangement will depend on the length of care you need, your child's age, and the type of care you think would suit your child.

မှန်ကန်တဲ့ ကလေးထိန်း အစီအမံကို ရှာဖွေရတာဟာ သင် လိုအပ်တဲ့ စောင့်ရှောက်မှု အတိုင်းအတာ၊သင့် ကလေးရဲ့အသက်၊ သင့်ကလေးနှင့်လိုက်ဖက်မယ်လို့ သင် ထင်မြင်တဲ့ စောင့်ရှောက်မှု အမျိုးအစားတွေ အပေါ်မှာ မူတည်ပါမယ်။

The cost of childcare depends on the type of service you choose.

ကလေးထိန်းကုန်ကျစရိတ်ဟာ သင် ရွေးချယ်လိုက်တဲ့ ဝန်ဆောင်မှု အမျိုးအစား အပေါ် မူတည်ပါတယ်။

You may be eligible for financial assistance from the Commonwealth government.

သင်ဟာ ငွေကြေးဆိုင်ရာ ပံ့ပိုးမှု အတွက် ပြည်ထောင်စု အစိုးရထံက ရထိုက်ကောင်း ရထိုက်နိုင်ပါတယ်။

Contact the Department of Human Services.

လူမှုရေးရာ ဝန်ဆောင်မှုဌာန (Department of Human Services) ကို ဆက်သွယ်ပါ။

As families grow and children become young adults, additional services are ready at hand across Victoria.

မိသားစုတွေ ကြီးထွားပြီး ကလေးတွေ လူငယ်လူရွယ် ဖြစ်လာတဲ့အလျောက် ထပ်ဆင့် ဝန်ဆောင်မှုတွေဟာ ဗစ်တိုးရီးယားပြည်နယ် တစ်ဝန်းမှာ အဆင်သင့် ရှိကြပါတယ်။

Many are subsidised by the government, including services for mental health and dental health, as well as other allied health services, such as physiotherapy, psychology, and dietary advice.

အများအပြားကို အစိုးရက ကုန်ကျငွေ တစ်ချို့စိုက်ပေးထားပါတယ်။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် သွားဘက်ဆိုင်ရာ ကျန်းမာရေးတွေ အတွက် ဝန်ဆောင်မှုတွေ ဖြစ်ပါတယ်၊ တစ်ခြား ဆေးဘက်အကူကျန်းမာရေး ဝန်ဆောင်မှုတွေဖြစ်တဲ့ ဥပမာ ခန္ဓာဗေဒ လေ့ကျင့်ခန်းပညာရှင်တွေ၊ စိတ်ပညာရှင်တွေ နှင့် အာဟာရလိုအပ်ချက် အကြံဉာဏ်တွေ အတွက်လည်း ဖြစ်ပါတယ်။

For information on a range of dental services, information on the child dental benefit schedule, or to find a community dental clinic, contact Dental Health Services Victoria.

အမျိုးမျိုးဖြစ်တဲ့ သွားဘက်ဆိုင်ရာ ဝန်ဆောင်မှုတွေနှင့် ပတ်သက်တဲ့အချက်အလက်တွေ၊ ကလေး သွားဘက်ဆိုင်ရာ အကျိုးခံစားခွင့် အစီအစဉ်နှင့်ပတ်သက်တဲ့ အချက်အလက်တွေ၊ ဒါမှမဟုတ် လူမှုအသိုင်းအဝိုင်း သွားဘက်ဆိုင်ရာ ဆေးခန်းကို ရှာဖို့အတွက် ဗစ်တိုးရီးယား ကျန်းမာရေး ဝန်ဆောင်မှုများဌာန (Dental Health


The Victorian Health System © Copyright State of Victoria 2017

Services Victoria) ကို ဆက်သွယ်ပါ။

As young people move into adulthood, mental health or alcohol and drugs issues may occur.

လူငယ်များ လူကြီးအရွယ်ကို ရောက်ရှိလာတဲ့ အလျောက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဒါမှမဟုတ် အရက်နှင့် မူးယစ်ဆေး ပြဿနာတွေ ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်ပါတယ်။

Finding someone to talk to as early as possible is important.

တစ်စုံတစ်ယောက်နှင့်ပြောဆိုဖို့ ရှာဖွေတာကို တတ်နိုင်သမျှ အစောဆုံး ပြောဆိုဖို့ အရေးကြီးပါတယ်။

Starting with family is a good place, or talk to your doctor or contact a confidential phoneline or online service.

မိသားစုနှင့် စတင်ပြီး ပြောဆိုတာဟာ ကောင်းပါတယ်၊ ဒါမှမဟုတ် သင့် ဆရာဝန်နှင့်ပြောဆိုပါ ဒါမှမဟုတ် လျှို့ဝှက်ပြောဆိုမဲ့ ဖုန်းလိုင်း ဒါမှမဟုတ် အွန်လိုင်း ဝန်ဆောင်မှု တစ်ခုကို ဆက်သွယ်ပါ။

These services are free, and expert counsellors can provide valuable advice and counselling.  In times of urgent family crisis, there are emergency services to assist you.

ဒီဝန်ဆောင်မှုတွေဟာ အခမဲ့ ဖြစ်ပါတယ်၊ တတ်ကျွမ်းသူ ဆွေးနွေးအကြံပြုကုစားသူတွေဟာ အဖိုးထိုက်တန်တဲ့ အကြံဉာဏ်နှင့် ဆွေးနွေးအကြံပြုကုစားပေးတာတွေကို လုပ်ပေးနိုင်ပါတယ်။ အရေးပေါ် မိသားစု ပဋိပက္ခအခက်အခဲ ကျရောက်ချိန်မှာ သင့်ကို ကူညီပံ့ပိုးပေးဖို့ အရေးပေါ် ဝန်ဆောင်မှုတွေ ရှိပါတယ်။

In an emergency, always call 000.

အရေးပေါ် အခြေအနေတစ်ခုမှာ အမြဲတမ်း ဖုန်း 000 ကိုခေါ်ပါ။

If you or someone in your family is thinking about self-harm or suicide, call Lifeline, on 13 11 14.

အကယ်လို့ သင် ဒါမှမဟုတ် သင့် မိသားစုထဲက တစ်ယောက်ယောက်ဟာ ကိုယ်တိုင် အနာတရဖြစ်အောင်လုပ်တာ ဒါမှမဟုတ် သေကြောင်းကြံစည်တာတွေကို စဉ်းစားနေရင် Lifeline ကိုဖုန်း 13 11 14 ဖြင့်ခေါ်ပါ။

If you are concerned about the safety and risk of harm to a child, contact your local child protection service.

အကယ်လို့ သင်ဟာ ကလေးတစ်ယောက်ရဲ့ လုံခြုံရေးနှင့် အနာတရဖြစ်မှု အန္တရာယ်ကို စိုးရိမ်ပူပန်နေရင် သင့် ဒေသခံ ကလေး အကာအကွယ်ပေးရေး ဝန်ဆောင်မှုဌာနကို ဆက်သွယ်ပါ။



The Victorian Health System © Copyright State of Victoria 2017

Phone numbers are available at betterhealth.vic.gov.au/childprotection.

ဖုန်းနံပါတ်များကို betterhealth.vic.gov.au/childprotection တွင် ရရှိနိုင်ပါတယ်။

If you are worried about the immediate safety and risk of harm to a child, that cannot safely be left until the next working day, call the After Hours Child Protection Emergency Service on 13 12 78.

အကယ်လို့ သင်ဟာ ချက်ချင်းလက်ငင်း စိုးရိမ်နေရင် ကလေးတစ်ယောက်ရဲ့ လုံခြုံရေးနှင့် အန္တာတရဖြစ်မှု အန္တရာယ်ကို စိုးရိမ်နေရင် အဲ့ဒါကို အန္တရာယ်ကင်းကင်းနှင့် နောက်တစ်နေ့ အလုပ်လုပ်ရက်အထိ မစောင့်ဆိုင်းနိုင်ရင် ရုံးချိန် နောက်ပိုင်း ကလေး အကာအကွယ်ပေးရေး အရေးပေါ် ဝန်ဆောင်မှုကို ဖုန်း 13 12 78 ဖြင့် ခေါ်ပါ။

Child FIRST ensures that vulnerable children, young people, and their families, are linked to relevant services.

Child FIRST အဖွဲ့အစည်းဟာ ထိခိုက်လွယ်တဲ့ ကလေးတွေ၊ လူငယ်လူရွယ်တွေ နှင့် သူတို့ရဲ့ မိသားစုတွေကို သက်ဆိုင်တဲ့ ဝန်ဆောင်မှုဌာနတွေဆီ ချိတ်ဆက်ပေးဖို့ သေချာအောင်လုပ်ပေးပါတယ်။

Visit the Department of Human Services website for more information and your local service.

လူမှုရေးရာဝန်ဆောင်မှုများ ဌာန ဝက်ဘ်ဆိုက်ကို ပိုမိုသိရှိလိုတဲ့ အချက်အလက်တွေနှင့် သင့် ဒေသခံ ဝန်ဆောင်မှုဌာနကိုရှာဖို့ ဝင်ရောက်ကြည့်ရှုပါ။

Asylum-seekers and refugees in Victoria, including children, are able to access most health and community services funded by the Victorian government, as eligibility for most services is not determined by visa or residency status.

ဗစ်တိုးရီးယားပြည်နယ်မှာရှိတဲ့ ခိုလှုံခွင့်လျှောက်ထားသူတွေနှင့် ဒုက္ခသည်တွေ ကလေးတွေ အပါအဝင်တို့ဟာ ကျန်းမာရေးဝန်ဆောင်မှု အများစုတွေ နှင့် လူမှုအသိုင်းအဝိုင်း ဝန်ဆောင်မှုတွေကို ရယူနိုင်ပါတယ်၊အဲ့ဒါတွေကို ဗစ်တိုးရီးယားပြည်နယ် အစိုးရက ရန်ပုံငွေ မတည်ပေးထားပါတယ်၊ ဝန်ဆောင်မှု အများစုတွေ အတွက် ရထိုက်ခွင့်ကို ဗီဇာ ဒါမှမဟုတ် အမြဲတမ်းနေထိုင်သူ အဆင့်အတန်းတွေနှင့်တိုင်းတာပြီး ဆုံးဖြတ်တာ မဟုတ်ပါဘူး။

These services include community health services, the refugee health program, torture, and trauma counselling, and the catch-up

ဒီဝန်ဆောင်မှုမှာ ပါဝင်တာကတော့ လူမှုအသိုင်းအဝိုင်း ကျန်းမာရေး ဝန်ဆောင်မှုတွေ၊ ဒုက္ခသည် ကျန်းမာရေး အစီအစဉ်၊ ညှဉ်းပန်းနှိပ်စက်မှု၊ နှင့် ကိုယ်စိတ်ဒဏ်သင့်မှုဆိုင်ရာ



The Victorian Health System © Copyright State of Victoria 2017

immunisation program.

ဆွေးနွေးအကြံပြုကုစားပေးတာတွေ အပြင် ဆေးအားဖြည့်ထိုးပေးတဲ့ ကာကွယ်ဆေးထိုး အစီအစဉ်တွေ ဖြစ်ကြပါတယ်။

All families have different needs.

အားလုံးသော မိသားစုတွေဟာ လိုအပ်ချက်တွေ အမျိုးမျိုး ရှိကြပါတယ်။

At times, for some, they can be urgent, while for others, longer-term help is needed.

တစ်ခါတစ်ရံ အချို့လူတွေ အတွက် အဲ့ဒီလိုအပ်ချက်တွေဟာ အရေးပေါ် ဖြစ်နိုင်သလို အချို့လူတွေအတွက် ရေရှည် အကူအညီကို လိုအပ်ပါတယ်။

The Victorian health system offers a range of services to meet these needs.

ဗစ်တိုးရီးယား ကျန်းမာရေး စနစ်ဟာ အမျိုးမျိုးဖြစ်တဲ့ ဝန်ဆောင်မှုတွေကို အဲ့ဒီလိုအပ်ချက်တွေနှင့် လိုက်ဖက်အောင် ဆောင်ရွက်ပေးပါတယ်။

For more information, visit: betterhealth.vic.gov.au/family.

ပိုမိုသိရှိလိုတဲ့ အချက်အလက်တွေ အတွက်- betterhealth.vic.gov.au/family မှာကြည့်ရှုပါ။



The Victorian Health System © Copyright State of Victoria 2017